မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ကြသည့် ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့၏ ရှေ့နေလိုက်ပါခွင့်လိုင်စင်ရုပ်သိမ်းလိုက်ခြင်းအပေါ်ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၂၀၀၉ ခုနှစ်၊ မေလ (၁၈)။

တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ကြသော၊ ဦးအောင်သိန်းနှင့်ဦးခင်မောင်ရှိန်တို့၏ ရှေ့နေလိုက်ပါခွင့်လိုင်စင်ကို (၁၅.၅.၂၀၀၉) ရက်နေ့တွင် ရှေ့နေတို့၏ ကျင့်ဝတ်သိက္ခာဖောက်ဖျက်သည်ဟူသောအကြောင်းပြချက်ဖြင့် ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ (ရီမေအောင်၊ ဒီဗီဘီ၊ ၁၆ မေ ၂၀၀၉)

## ဥပဒေရေးရာသုံးသပ်ချက်

၁။ ရှေ့နေရှေ့ရပ်များ၏လုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးနှင့်တရားစီရင်ရေးတွင် တရားမျှတမှန်ကန်မှုရရှိရေးတို့အတွက် အကျိုးဆောင်ပေးရသည့် မွန်မြတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းတရပ်ဖြစ်ပါသည်။ထို့ပြင်ရှေ့နေရှေ့ရပ်များဟူသည် အမှန်တရားပေါ်ပေါက်ရေးအတွက် ကူညီဆောင်ရွက်ပေးရသော တရားရုံး၏ အရာရှိများ၊ပြည်သူတို့၏အကျိုးဆောင်များလည်းဖြစ်ကြပါသည်။**(၁၉၆၈ခုနှစ်၊မြန်မာနိုင်ငံတရားစီရင်ထုံး(တရားရုံးချုပ်)၊စာ-၂၀၈)**

**၂။** တရားရုံးချုပ်ရှေ့နေတစ်ဦးအား ရှေ့နေလိုက်ခွင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းတို့ပြုလုပ်နိုင်သည်ဆိုရာတွင် ရှေ့နေလုပ်ငန်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အခြားကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ အကျင့်သိက္ခာပျက်ပြားသော လုပ်ရပ်များကိုလုပ်ဆောင်မှသာလျှင် တရားရုံးချုပ်မှအရေးယူဆောင်ရွက်ရမည်ဖြစ်ပါသည်။**(တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေ ပုဒ်မ- ၁၀(၁))**

၃။ **ရှေ့နေလိုက်သူများ အက်ဥပဒေပြဌာန်းချက်ပါ ပုဒ်မ-၁၂** အရ ကိုယ်ကျင့်တရားပျက်ပြားသောပြစ်မှုတခုခုအတွက်ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင်လည်းကောင်း၊**ပုဒ်မ-၁၃(က)**အရ မိမိအားငှားရမ်းထားသောအမှုသည် သို့မဟုတ် အမှုသည်နှင့်စပ်လျဉ်းသူတို့ထံမှ အပ အခြားပုဂ္ဂိုလ်တဦးတယောက်ထံမှ အမှုနှင့်စပ်လျဉ်းသည့်ညွှန်ကြားချက်များရယူလျှင်လည်းကောင်း၊ **ပုဒ်မ-၁၃(ခ)** အရ ရှေ့နေလုပ်ငန်းကို မလျော်ကန်သော သို့မဟုတ် လိမ်လည်သောနည်းလမ်းများဖြင့်ဆောင်ရွက်လျှင်သော်လည်းကောင်း၊**ပုဒ်မ-၁၃(ဂ)၊(ဃ)၊(င)**တို့အရ အမှုပွဲစားအဖြစ်ကြေငြာခံထားရသူများကိုအသုံးပြု၍အမှုများရရှိအောင်လုပ်ခြင်း သို့မဟုတ် အမှုပွဲစားကဲ့သို့ပင် လုပ်ကိုင်ဆောင်ရွက်တတ်သူများကိုအသုံးပြု၍ အမှုများလက်ခံရယူ လျှင်လည်းကောင်း၊ **ပုဒ်မ-၁၃ (စ)** အရ အရေးယူထိုက်သည့် အခြားအကြောင်းအချက်တစုံတရာကိုကျူးလွန်လျှင်သော်လည်းကောင်း ရှေ့နေလိုက်ခွင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှထုတ်ပယ်ခြင်း ပြုလုပ်နိုင်လေသည်။

၄။ ထို့ပြင်တရားရုံးချုပ်ရှေ့နေတဦးဦးအား ကျင့်ဝတ်သိက္ခာဖောက်ဖျက်သည့် အတွက် ရှေ့နေလိုက်ခွင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းပြုလုပ်လိုပါက **တရားရုံးချုပ်ရှေ့နေများကောင်စီ အက်် ဥပဒေ ပုဒ်မ -၁၁(၂)** အရ သုံးဦးမှ ငါးဦးအထိပါဝင်သော ခုံအဖွဲ့ကိုဖွဲ့စည်း၍စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။

၅။ တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ကြသော ဦးအောင်သိန်းနှင့်ဦးခင်မောင်ရှိန်တို့သည် အထက်ဖော်ပြပါ ရှေ့နေလိုက်ခွင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းတို့နှင့် သက်ဆိုင်သော ကျင့်ဝတ်သိက္ခာဖေါက်ဖျက်သည့် ပြစ်မှုတစုံတရာကို ကျူးလွန်ခဲ့ခြင်းမရှိသည့်အပြင် ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်

သိက္ခာနှင့်အညီ တရားစီရင်ရေးတွင် တရားမျှတ မှန်ကန်မှု ရရှိရေးအတွက် စွပ်စွဲခံရသူတို့၏ညွှန်ကြားချက်အရ လုပ်ကိုင်ဆောင်ရွက်ခဲ့သဖြင့် တရားရုံးတော်အား မထီမဲ့မြင် ပြုသည်ဟူသောစွပ်စွဲချက်ဖြင့် ထောင် ဒဏ် (၄)လ ချမှတ်သည့်ပြစ်ဒဏ်ကိုခံယူခဲ့ပြီးဖြစ်သည်။

၆။ ယခုတဖန် နိုင်လုံတိကျ ပွင့်လင်းလွတ်လပ်သော ခုံဖွဲ့စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရှေ့နေလိုက်ပါခွင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်း ကိုပြုလုပ်ခဲ့သည်မှာအထက်ဖော်ပြပါ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိပါသဖြင့် တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ကြသော ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့ ကိုရှေ့နေလိုက်ပါခွင့်ပြန်လည်ပေးအပ်သင့်ပါကြောင်း နှင့် နိုင်ငံတကာရှိ ရှေ့နေရှေ့ရပ်အဖွဲ့အစည်းများနှင့် ဥပဒေအဖွဲ့အစည်းများမှလည်းယင်းကိစ္စကိုဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် ဥပဒေရေးရာသုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

**ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့**
**မြန်မာနိုင်ငံရှေ့နေများကောင်စီ**

**(အသေးစိပ်သိရှိလိုပါလျှင်- ဦးမျိုး (တာဝန်ခံ)၊ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့**
**မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ဖုန်း-၀၈၆၂၁၆၀၁၀၈)**